**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**
**ညွှန်ကြားချက် (၄ /၂၀၁၆ )**
**အများပြည်သူသို့ ဖွင့်ဟအသိပေးခြင်းမပြုရသေးသည့် အတွင်းသတင်းအချက်**
**အလက်များကို အခြေခံ၍ အရောင်းအဝယ်ပြုလုပ်ခြင်းအားကာကွယ် တားဆီးခြင်း**
**ဆိုင်ရာ ညွှန်ကြားချက်**
**၁၃၇၇ခု၊ တပေါင်းလပြည့်ကျော် (၂) ရက်**
**၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်**

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည်ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဥပဒေအခန်း(၁၃)၊ပုဒ်မ၇၁(ခ)အရ ရင်းနှီးမြှုပ်နှံသူများ အားအကာအကွယ်ပေးရန်နှင့်မျှတ၍ခိုင်မာသောငွေချေးသက်သေခံလက်မှတ်ဈေးကွက်အပေါ်ရင်းနှီးမြှုပ်နှံသူ များ ယုံကြည်မှုရှိစေရန်အတွက်အများပြည်သူသို့ဖွင့်ဟအသိပေးခြင်းမပြုရသေးသည့်အတွင်းသတင်းအချက်အလက်များ ကို အသုံးပြု၍ အရောင်းအဝယ် ပြုလုပ်ခြင်းအားကာကွယ်တားဆီးခြင်းဆိုင်ရာညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**နိဒါန်း**

၁။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ၄၉ (ဂ) အရပုဂ္ဂိုလ်တစ်ဦး မှစာရင်းဝင်ကုမ္ပဏီ၏ အများပြည်သူသို့ဖွင့်ဟအသိပေးခြင်းမပြုရသေးသော အတွင်းသတင်းအချက်များကိုအခြေခံ၍မိမိကိုယ်ပိုင်စာရင်းအတွက် (သို့မဟုတ်)အခြားပုဂ္ဂိုလ်များအတွက် ငွေချေးသက်သေခံလက်မှတ်များဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရန်အတွင်း သတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း(သို့မဟုတ်)ထုတ်ပေးခြင်းနှင့် အခြားပုဂ္ဂိုလ်များအား ငွေချေးသက်သေခံလက်မှတ်များဝယ်ယူရန် (သို့မဟုတ်) ရောင်းချရန် အကြံဉာဏ်များပေးခြင်းကို တားမြစ်ထားပါသည်။

**စီမံအုပ်ချုပ်မှု**

၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စာရင်းဝင်ကုမ္ပဏီများ၊ ရန်ကုန်စတော့အိပ်ချိန်းနှင့် အခြားဆက်နွယ်သော အဖွဲ့အစည်းများသည် မိမိတို့၏ဝန်ထမ်းများမှ အများပြည်သူသို့ဖွင့်ဟ အသိပေးခြင်းမရှိသေးသော အတွင်းသတင်းအချက်အလက်များကိုအသုံးပြု၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကာကွယ် တားဆီးရန်အတွက် ဌာနတွင်းလိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများထားရှိရမည်။

၃။ စာရင်းဝင်ရှယ်ယာများကိုတာဝန်ခံ၍တဆင့်ဖြန့်ချိ ရောင်းချသောငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည်မိမိ၏ဝန်ထမ်းများအား မိမိကုမ္ပဏီကတာဝန်ခံတဆင့်ဖြန့်ချိသော ငွေချေးသက်သေခံလက်မှတ်များကိုရောင်းဝယ်ဆောင်ရွက် ခွင့်မပြုရ။

**စစ်ဆေးခြင်း**

၄။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများသည် အောက်ဖော်ပြပါ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ခြင်း ကိစ္စရပ်များအား သေချာစွာ ဂရုပြုစစ်ဆေးရမည်-

- စာရင်းဝင်ကုမ္ပဏီများ၏ဒါရိုက်တာများ

- စာရင်းဝင်ကုမ္ပဏီများ၏ လက်အောက်ခံကုမ္ပဏီ (သို့မဟုတ်) မိခင်ကုမ္ပဏီ၏ ဒါရိုက်တာများ
- စာရင်းဝင်ကုမ္ပဏီများ၏ အတွင်းသတင်းရရှိနိုင်သောအစိုးရအရာရှိများ
- စာရင်းဝင်ကုမ္ပဏီ၏ ၂၀ ရာခိုင်နှုန်းထက် ပို၍ ပိုင်ဆိုင်သောအဓိကရှယ်ယာရှင်များ
- အထက်ဖော်ပြပါပုဂ္ဂိုလ်များ၏ မိသားစုဝင်များ ( ဥပမာ-မိဘ၊ဇနီးခင်ပွန်းနှင့်သားသမီးများ )

၅။ ရန်ကုန်စတော့အိပ်ချိန်းသည်စာရင်းတင်သွင်းရန်လျှောက်ထားသည့် ကုမ္ပဏီတွင်အများပြည်သူသို့ဖွင့်ဟအသိပေးခြင်းမပြုရသေးသော အတွင်းသတင်းအချက်အလက်များကို အသုံးပြု၍ရောင်းဝယ်ဆောင်ရွက်ခြင်းကိုကာကွယ်တားဆီးရန်အတွက်ဌာနတွင်းထိန်းချုပ်မှုနှင့်ဌာနတွင်း စည်းကမ်း သတ်မှတ်ချက်များပြည့်စုံလုံလောက်စွာထားရှိမှုကို စစ်ဆေးရမည်။

**အဓိကသတင်းအချက်အလက်များ**

၆။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်သည်အောက်ဖော်ပြပါ တို့ အပါအဝင်သတင်းအချက်အလက်များကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးနည်းဥပဒေ ၁၈၄ အရ ရင်းနှီးမြုပ်နှံမှုဆုံးဖြတ်ချက်များအပေါ်တွင် သြဇာ လွှမ်းမိုး မှုရှိနိုင် သောသတင်းအချက်အလက်များအဖြစ်စဉ်းစားမည်-

- ငွေရေးကြေးရေး ရလဒ်များ (စာရင်းစစ်ဆေးထားခြင်း မရှိသည့် ဘဏ္ဍာရေးရှင်းတမ်း အပါ အဝင်)
- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) အပိုဒ် ၄ နှင့် ၅ တွင် သတ်မှတ်ထားသည့် အချက်အလက်များ
- ရန်ကုန်စတော့အိပ်ချိန်းက သတ်မှတ်သည့် အချိန်မီ ထုတ်ဖော် ကြေညာရမည့် မူဘောင် နှင့် အညီထုတ်ဖော်ရမည့် အကြောင်းအရာများ

(ဒေါက်တာမောင်မောင်သိမ်း)

ဥက္ကဋ္ဌ